မြန်မာ့ဂန္ထဝင်စာစဉ်

mgyoe.com

SAMPLE BOOK

# အာသံနိုင်မော်ကွန်း

ဝက်မစွတ်မြို့စား နဝဒေး



mgyoe.com

mgyoe.com

SAMPLE BOOK



မင်းကြီးမဟာဗန္ဓုလ၊ ကျော်ပေါက်ပြသား၊ ဝါလ, သဒ္ဒ။
အကျွဏနှင့်။ သရဇေမိ၊ မြားရေးရှိသည်၊ လေးကြီးဆရာ၊
ညှို့သန္တာဝယ်၊ ကိုးတွာကွေးကွေး၊ လရေးတာပိုင်း၊
သက်တင်ကိုင်းတည့်၊ ကွန့်လှိုင်းစက်ရှိန်၊ ပိုလ်ထောင်ချိန်မြင့်၊
ဇရမိန်ကြိုးထစ်၊ မိုးကိုပစ်သော်၊ ရှစ်ဥသဘာ၊ မြေမှာဘီလာ၊
ရေမှာတာပဲ၊ ရောက်တိုင်ကဲသား၊ မြားပွဲပြာသာဒ်၊
နှယ်ပတ်ကြိုးဆိုင်း၊ တံတိုင်းတည်ဟန်၊ မြားချင်းမှန်သား။

---

အာသံနိုင်မော်ကွန်းသည်
ကောဇာသက္ကရာဇ် ၁၁၈၁ ခုနှစ်တွင် နန်းတက်တော်မူသော
စစ်ကိုင်းမင်းခေါ် ဘကြီးတော်ဘုရားလက်ထက်၌
အာသံအရေးကိစ္စတွင်
မြန်မာစစ်တပ်များ သွားရောက်တိုက်ခိုက်သဖြင့်
အာသံကို အောင်မြင်နိုင်နင်းကြောင်း
သီကုံးဖွဲ့နွဲ့ထားသော
မော်ကွန်းကြီးတစ်ရပ် ဖြစ်လေသည်။

---

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်ခြင်း
ပထမအကြိမ် – (၂၀၁၉) ရာပြည့်စာအုပ်တိုက်
(ဇွန် ၂၀၁၉)
အုပ်ရေ [၈၀၀]

❑

ထုတ်ဝေသူ
ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၀၆၆၀]
၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ပုံနှိပ်သူ
ဦးလင်းဇာနည်၊ သီရိဂုဏ်ဝေပုံနှိပ်တိုက် [၀၁၄၃၇]
၃၂၊ ၅၃ လမ်း၊ ၂ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

မျက်နှာဖုံး ပန်းချီနှင့်ဒီဇိုင်း
ပန်းချီဦးအုန်းလွင် နှင့် လင်းဇာနည်

❑

တန်ဖိုး
၁၀၀၀ ကျပ်

**သတိပေးပါသည်**

ဤစာအုပ် ထုတ်လုပ်ဖွဲ့စည်းမှု ပုံစံသည် ရာပြည့်စာအုပ်တိုက်၏ မူပိုင် ဖြစ်သည်။ စာအုပ်အညွှန်း၊ စာအုပ်ဝေဖန်ချက် ရေးခြင်းမှ လွဲ၍ ယခု ပုံစံအတိုင်း စာတစ်အုပ်လုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ အခြားသော မည်သည့်ပုံစံသို့မျှ ပြုပြင် ပြောင်းလဲ သုံးစွဲခွင့် မပြု။

mgyoe.com

mgyoe.com SAMPLE BOOK



## နိဒါန်း

### ၁။ ရေးသားသည့်ခုနှစ် ထင်မြင်ချက်

ယခု ပုံနှိပ်အပ်သော "အာသံနိုင်မော်ကွန်း" ကို ဘိုးတော်ဘုရား၊ ဘကြီးတော်ဘုရား–ရွှေဘိုမင်းတို့ လက်ထက် ချီးမြှင့် သူကောင်းအပြုခံရသော ပညာရှိ ဝက်မစွတ်မြို့စား နဝဒေး စိကုံး ရေးသားပေ၏။ ၎င်း ရေးသားသော အခြားသော မော်ကွန်းများကဲ့သို့ နိဂုံးချုပ်သံပိုင်း ပါဝင်ငြားသော်လည်း မည်သည့်ခုနှစ် သက္ကရာဇ်တွင် ဆိုကြောင်း တပ်အပ်သေချာ မသိရှိရပေ။ သို့ရာတွင် ဘကြီးတော်ဘုရား လက်ထက် သက္ကရာဇ် ၁၁၈၄ ခုတွင် "ကာမရူပ၊ အသမနှင့်၊ သက္ကဝဇ္ဇီ၊ ဝေသာလီ" ဟု ရာဇဝင်တွင် ထင်ရှားသော အာသံပြည်ကို တိုက်ခိုက်သိမ်းယူ အောင်မြင်သည်ကို ထောက်ရှု၍ လည်းကောင်း၊ မော်ကွန်းစာကိုယ် နိဂုံးတွင် "ဗိုလ်ပွဲပြန်တွင်၊ အောင်ဘန်ပွားစီး၊ များလေပြီးသား၊ မင်းကြီးမဟာဗန္ဓုလ၊ သေနကကို၊ နေကျသီးသန့်၊ ဝန်ကြီးခန့်၏" ဟူ၍ ပါရှိသည်ကို ထောက်ရှု၍ လည်းကောင်း၊ ရတနာသိခ ဒုတိယ မဟာရာဇဝင်ကြီးတွင် ၁၁၈၄ ခု တပေါင်းလဆန်း ၁၂ ရက်နေ့တွင် မင်းကြီးမဟာဗန္ဓုလကို အဂ္ဂမဟာသေနာပတိ ဝန်ကြီးခန့်ကြောင်း ပါရှိသဖြင့် ၎င်းနောက်မှ ဤအာသံနိုင်မော်ကွန်းကို ရေးသားသည်ဟု ယူဆသင့်ကြောင်း။

### ၂။ မော်ကွန်း ဟူသော ဝေါဟာရနှင့် ၎င်း၏ အဓိပ္ပာယ်

မြန်မာစာပေ၊ ပျို့ ကဗျာ လင်္ကာ အများအပြား ရှိသည့်အနက် မော်ကွန်း



mgyoe.com

mgyoe.com SAMPLE BOOK



မှာ ကဗျာ တည်းဟူသော ပင်မ၏ "လင်္ကာ" တည်းဟူသော အကိုင်းမှ ထိုး ထွက်နေသော အခက်ကြီးတစ်ခု ဖြစ်၏။ မော်ကွန်း၏ အဓိပ္ပါယတ္ထမှာ ပညာရှိ လှေသင်းအတွင်းဝန် မဟာဓေယျသင်္ခယာဘွဲ့ခံ ဦးချိန် စီရင်ရေးသား သော ဝေါဟာရလိနတ္ထဒီပနီ အရ မော်သဒ္ဒါကို အတ္ထုပ္ပတ္တိဟော၊ ကွန်းသဒ္ဒါ ကို နန်းတော်ဟော ဟူ၍ ပုဒ် ၂ ပုဒ် ပေါင်းစပ်ကြည့်ပါက မင်းတို့ စံမြန်း သည့် နန်းတော် အတ္ထုပ္ပတ္တိကို ဆိုရာဆိုကြောင်း၊ မင်းနှင့် စပ်လျဉ်းသည့် အဖွဲ့ ဖြစ်၍ မော်ကွန်းစာကိုယ်များ အရ သေချာဂန စိစစ်ပါက ပညာရှိ ဦးချိန် ရေးသားဖော်ပြချက်မှာ အနက်အဓိပ္ပာယ် နယ်ကျဉ်းလွန်းလှသည်ဟု ထင်မြင်ရကြောင်း၊ တစ်ဖန်တုံ ပုဂံဝန်ထောက်မင်း ဦးတင် စီရင်သော ကဗျာဗန္ဓသာရ ကျမ်းအရ ပြဆိုရပါမူ မော်ကွန်းဟူသည် အစုအစဉ်မပျက် ထင်ရှားပေါ်လွင် မှတ်သားမိစေရန် မြဲမြံ တည်ထွန်းအောင် ပြုလုပ်သော စာ[၁]ကို ခေါ်ဆိုသည်ဟု တွေ့ရှိရပါကြောင်း၊ ၎င်း ကဗျာဗန္ဓသာရ ကျမ်း မှာပင် မော်–ကွန်း ဟူသော ဝေါဟာရ၏ ဖြစ်ပေါ်လာပုံ၊ မော်သဒ္ဒါ, ကွန်း သဒ္ဒါတို့၏ အနက်အထူးထူးပြားပုံ၊ စဥ္စကွင်း ဟူသော စကားနှင့် နီးစပ်ပုံ၊ ရှေး ကျောက်စာဟောင်းများတွင် တွေ့ရှိရသော ဝေါဟာရများနှင့် ရာဇဝင် အထောက်အထားများကို စေ့စုံစွာ အကျယ်တဝင့် ဖော်ပြပြီးဖြစ်၍ ဤ နိဒါန်းတွင် အကျယ်ထပ်လောင်း ရေးသားရန် မလိုတော့ဟု ထင်မြင်ပါ ကြောင်း။

၁။ ဤ "မော်ကွန်း" ဟူသော အနက်အဓိပ္ပာယ်ကို သိသာ ထင်ရှားစေရန် ကဝိ လက္ခဏာ သတ်ပုံတွင် "ကမ္ဗာကုန်ကျွမ်း၊ စံမော်ကွန်း၊ ဥဒါန်းစုံသက်သေ" ဟူ၍ လည်း ကောင်း၊ ။ မင်းရဲဒိဗ္ဗ ရေးချင်းတွင် "ရှင်ဘမင်းရဲ၊ အောင်သည့်ပွဲကို၊ လွန်ကဲမော်ကွန်း၊ အစဉ်ထွန်းသည်" ဟူ၍ လည်းကောင်း၊ မုံရွေးဆရာတော် ရေးသားသော ကုသပျို့သစ်တွင် လည်း "အမြတ်ရှည်စွာ၊ သိသာရစ်အောင်၊ ကျောက်စာပြုပြု၊ မော်ကွန်းထု၍၊ ပူနှင့်ထားစေ" ဟူ၍ လည်းကောင်း စပ်ဆိုထားခဲ့ကြသည်ကို သတိမူပါကုန်။



mgyoe.com

mgyoe.com

SAMPLE BOOK

တွေ့ရှိသမျှသော မော်ကွန်းစာ အများတွင် ရှေးအကျဆုံးမှာ ရှင်မဟာသီလဝံသ ရေးသားသော သျှစ်သျှားကန် မော်ကွန်း, "ကြားပိမ့်ကြက်သရေ" ချီ တံတားဦးတည် မင်္ဂလာစေတီမော်ကွန်း, ရတနာဗိမာန်ကျောင်း ကျောက်စာ မော်ကွန်း, ရှင်မဟာရဋ္ဌသာရ ရေးသားသော မင်္ဂလာစေတီမော်ကွန်း, ပုံတောင်နိုင်မော်ကွန်း, ဝတ်ရုံကျောင်းဘွဲ့ မော်ကွန်းတို့ ဖြစ်ပါကြောင်း၊ ၎င်း ပညာရှိများမှ စ၍ မော်ကွန်းအများ ရေးသားစီရင်ခဲ့ရာ ကဗျာဗန္ဓသာရကျမ်းအရ မော်ကွန်းစာရေ စုစုပေါင်း ၇၀ ရှိပါကြောင်း[၁]။

မော်ကွန်း ဟူသော ဝေါဟာရနှင့် အနက်အဓိပ္ပာယ် နီးစပ်သည့် သမိုင်း, သံပိုင်းများကိုလည်း မှတ်သားသင့်ပေ၏။ သံပိုင်းမှာ လင်္ကာဖြစ်စေ၊ စကားပြေ ဖြစ်စေ၊ ၎င်းတစ်ခုခုနောက် လေးလုံးစပ်လင်္ကာ အဖြစ်ဖြင့် နိဂုံးချုပ်သဘော နောက်လူတို့ သိရှိစေရန် ရေးသားထား၏။ သမိုင်းမှာမူ လင်္ကာဖြင့်သော် လည်းကောင်း၊ စကားပြေဖြင့်သော် လည်းကောင်း မြို့,ရွာ, စေတီ, ပုထိုး အစရှိသည်တို့၏ ရှေးကာလက ဖြစ်ခဲ့ပြီးသည်ကို နောင်လာ နောက်သားတို့ မှတ်သားမိစေရန် ရေးသားသောစာ ဖြစ်၏။ မော်ကွန်းမှာမူ လင်္ကာသဘော သက်သက်ဖြင့်သာ ရေးသားစီကုံးလေ့ရှိ၍ လက်ငင်းဖြစ်ပျက်ပုံကို ကိုယ်တွေ့သဘောဖြင့် ရေးသားထားခဲ့၏။ ထို့ကြောင့်လည်း ချေါင်းများကဲ့သို့ ရာဇဝင် အထောက်အထား အများအပြား ပါဝင်သောကြောင့် အဖိုးထိုက်တန်ပေ၏။

### ၃။ နဝဒေးများ

မြန်မာစာပေ အတ္ထုပ္ပတ္တိကို ပြန်လှန် ကြည့်ရှုပါလျှင် နဝဒေး အမြောက်အမြားကို တွေ့ရှိပေမည်။ ၎င်းတို့မှာ "အကုံရ" အမည်ရှိသော ဇင်းမယ်

၁။ ပိဋကတ်သမိုင်း စာတမ်းတွင် ၆၈ စောင်၊ ဝေါဟာရတ္ထဒီပနီ ကျမ်းအရ (၇၈) စောင် ဖြစ်ပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK


နဝဒေး, "လှော်ကားသုံးထောင်မှူး" ဟု နာမည်ရသော တောင်ငူနဝဒေး, ပြည်နဝဒေး, အဝမြို့ ဘိုးတော်ဘုရား လက်ထက် နဝဒေးနှင့် ဝက်မစွတ်မြို့စား နဝဒေးတို့ ဖြစ်ပါကြောင်း[၁]။

**နဝဒေးကြီး**

၎င်းတို့တွင် ထင်ရှားကျော်စော၍ လူသိများသော နဝဒေးမှာမူ "စစ်ကိုင်း ထောင်သင်း၊ စလင်းလက်ျာ၊ ပြည်မှာနဝဒေး" ဟု ဘွဲ့သုံးမျိုး ရရှိသူ ဖြစ်၏။ ၎င်းမှာ ပြည်ဘုရင်မင်းဘစော၏ အထိန်းတော်သား ဖြစ်၍ ပြည်မြို့ လျှင် ဖွားရာ ဇာတိ ရှိ၏။ ဟံသာဝတီ ဆင်ဖြူများရှင် လက်ထက်တွင်မှ "ရာဇဒွောနိ" ချီ ဟံသာဝတီမြို့တော်ဘွဲ့ ရတုဆက်ရာတွင် အားရနှစ်သက်တော် မူသဖြင့် အပြစ် အဆာအနာ ဆိုစရာမရှိသော၊ ပညာရှိစာဆို မှူးမတ်ဟု အမိပွာယ်ရသော "နဝဒေး" ဘွဲ့ဖြင့် ချီးမြှင့်လေသည်။ ၎င်း ပြည် နဝဒေးသို့မဟုတ် နဝဒေးကြီးသည် ၉၄၁ ခုရေး "ဗောဓိရတနာ" ချီ မနော်ဟရီပျို့, ဟောင်း, မင်းတရား မယ်တော်ချေင်း, ယိုးဒယားမိဖုရား ချေင်းနှင့် ရတုအများ ရေးသားလေသည်။ ၎င်းရေးသားသော ရတုများ, ချေင်းများမှာ ကောင်းမွန်၍ စံထားလောက်သဖြင့် "ရတုဆရာကြီး, ချေင်းဆရာကြီး" ဟူ၍ ခေါ်ထိုက်ပေသည်။

**၄။ ဝက်မစွတ်မြို့စား နဝဒေး**

နဝဒေးကြီး အကြောင်းကို အကျဉ်းချုပ် ဖော်ပြပြီးသည့်နောက် အခြား နဝဒေး

---

၁။ ၎င်းမှာ ဆရာကြီးဦးဖွား ပြောပြချက်အရ ရေးသားခြင်း ဖြစ်၏။ ဓါဟာရလိနတ္ထဒီပနီ ဆရာက "ရာဇဝင် အမှတ်အသားအရ ပြည်နဝဒေးကြီးထက် ရှေးကျသော နဝဒေးများကို မတွေ့ရှိရကြောင်း ရေးသားလေသည်။" ပိဋကတ်သမိုင်း စာတမ်းတွင် "တောင်ငူနဝဒေးကြီး" ဟု ဖော်ပြထားသဖြင့် ဆရာကြီးဦးဖွား ပြောပြချက်သည် မှန်ကန်သည်ဟု ယူဆပါကြောင်း။


mgyoe.com

mgyoe.com SAMPLE BOOK


ဘွဲ့ရ စာဆိုတော်များကိုကား ဤနိဒါန်းနှင့် အထူး မသက်ဆိုင်လှသဖြင့် ချန်ထားခဲ့ပါသည်။ အာသံနိုင်မော်ကွန်းကို ရေးသားသော ဝက်မစွတ် နဝဒေး အကြောင်းကို သိမိသလောက် ရေးသားပါအံ့။

ဝက်မစွတ်မြို့စား နဝဒေးဘွဲ့ ရရှိသူမှာ စစ်ကိုင်းမြို့နယ် မြောက်လက် (၁) တောင်ပိုရွာ၊ (၂) သူဌေးကုန်းရွာ၊ (၃) ရေကြည်ရွာ၊ (၄) ရွာစိုက်ရွာ၊ (၅) ရွာဝေးရွာ တည်းဟူသော ဆားတောင်မ ငါးရွာအဝင် ရွာဝေး သူကြီးရိုး ဖြစ်၍ ငယ်မည်မှာ ဦးနု၊ သူကြီးဘွဲ့မှာ ဗလနန္ဒသူ ဖြစ်ပေသည်။ ၎င်း၏ မွေးဖွားရာ ခုနှစ်မှာ လောကဝိဒူမော်ကွန်း နိဂုံးသံပေါက်တွင် "သက်ရှစ်ဆယ်လောက်၊ သုံးနှစ်အောက်၊ ဘွဲ့ထောက်ဆိုလင်္ကာ" ဟု ပါရှိသည့် အရ လောကဝိဒူ မော်ကွန်းကိုလည်း "ကိုးဆဲ့လေးခု၊ ထောင်ရာပြု၊ ယခု နှစ်ကောဇာ" ဟု စာပြီး သက္ကရာဇ်ကို တစ်ဖန် ပြဆိုထားသဖြင့် မည်သည့် ခုနှစ်တွင် မွေးဖွားသည်ကို တွက်ဆရန် လွယ်ကူတော့၏။ ၎င်းမှာ စာပြီး သက္ကရာဇ်တွင် စာဆိုသူ အသက်ကို နုတ်ပါက (၁၁၉၄–၇၇) ၁၁၁၇ ခုတွင် ဖွားမြင်သည်ဟု အတပ် သိရပေ၏။ ၎င်းပြင် သက္ကရာဇ် ၁၂၀၁ ခုနှစ်တွင် စာပြီးသော ဝက်မစွတ်မြို့စားနဝဒေး ရေး ရဲတင်းမော်ကွန်း အပိုဒ် (၉၃) တွင်ပင် "တွင်းသင်းတိုက်ရန်၊ သုံးခံကံကျေး၊ တဝေးမစဉ်၊ ဖြတ်ပိုင်းယဉ်လျက်၊ စက်ပျဉ်တန္တု၊ စာဆိုမှုကို၊ ဂရုနှုတ်ခွန်း၊ မထုတ်လွန်းတည့်၊ မကျန်းမာန်စောင်၊ ကြောင်လက်သည်းသို၊ ညိုသည့်လက်ဝါး၊ တရားနှီးနှယ်၊ ကြီးသက်ရွယ်လည်း၊ ကိုးဆယ်အတွင်း၊ ခြောက်နှစ်ကြွင်းသား၊ ထိုယင်းချိန်တွင်၊ မင်္ဂလာဖြင့်၊ ရွှေစာစသတ်၊ ပြီးဆုံးဖြတ်သည်။ ။ ဘုန်းမြတ်ဇမ္ဗူကသိုဏ်းတည်း။" ဟူ၍ မိမိကိုယ်ကို နှိမ့်ချ၍ နေခြင်း၊ တရားဓမ္မနှင့် ပြည့်ဝခြင်း၊ အသက် ၈၄ နှစ်တွင် စာပြီးခြင်းကို ပြသဖြင့် (၁၂၀၁–၈၄) ၁၁၁၇ ခုနှစ်တွင် မွေးဖွားသည်မှာ ယုံမှားစရာ မရှိတော့ကြောင်း။

၎င်းသည် ဘိုးတော်ဘုရား သားတော် ပုခန်းမင်းသား၏ ကျွန်တော်


mgyoe.com

mgyoe.com  SAMPLE BOOK

ရင်း ဖြစ်ပေသည်။ ဘိုးတော်ဘုရားသည် ၁၁၅၈ ခုတွင် မိထိလာကန်တော်သို့ ဆည်ဖို့ပြုစုရန် ထွက်ကြွတော်မူရာ "ရွှေလော့စဉ်ရှည်" ချီသော မိထိလာကန်တော် မော်ကွန်းပေ ၁၂ ချပ်ရှိ စာတစ်အင်္ဂါခန့်ကို ရေးသားဆက်သွင်းသဖြင့် အချီးမွမ်းခံရ၏။ သက္ကရာဇ် ၁၁၆၀ ပြည့်တွင် ပုခန်းမင်းသား သတိုးမင်းရဲကျော်ခေါင်ကို ရွှေဝှမင်းသမီးနှင့် စုံဖက်ရာတွင် "တက်ဖြိုးလျှံဝေ" ချီ မင်္ဂလာလက်ထပ် ရတုကို ဆက်သွင်း၏။ ထို့နောင် သားတော် သမီးတော် လက်ထပ်ရတုများ, နားထွင်း သျှောင်ထုံး ရတုများ, ဘုန်းတော်ဘွဲ့ရတု စသည်တို့ကို ရွှေနားတော်သင့် ရေးသားဆက်သွင်းရာ သဘောကျသဖြင့် ရေကြည်အပြန်တွင် နဝဒေးဘွဲ့ အသနားခံရ၏။

ရေကြည်အပြန်တွင်ဟု ဆိုသော်လည်း သက္ကရာဇ် အမှတ်အသားမှာ ရှာ၍မတွေ့ရပေ။ သို့ရာတွင် သက္ကရာဇ် ၁၁၆၈ ခုတွင် ရေးသား ဆက်သွင်းသည့် "ခြီးလော့အံ့မှုး၊ ရိုက်သံကြူးပိမ့်" ချီ– စန္ဒမုနိ (ဘုရား) မော်ကွန်း အပိုဒ် ၁၆ တွင်–

"ကျွန်ုပ်တို့ကျွန်၊ လက်ဝန်ရှိရည်၊ လျှောက်ဝံ့သည်ကား၊ ဘုန်းစည်ပဝရ၊ နေနှယ်ပသား၊ ကာလသိရိ၊ ထိုသို့ပြီတွင်၊ ဇာဂရိယာ၊ နယောဂါနှင့်၊ ခမာစသား၊ နာယကဂုဏ်၊ မြူမှုန်မလိပ်၊ နန်းစဉ်လိပ်နှင့်၊ တံဆိပ်တော်ခံ၊ ရာခံစိုးရ၊ ကြီးရိုးမဖြင့်၊ နေကျစ္စလမ်း၊ မှုတော်ထမ်းသား၊ မင်းခမ်းဘွယ်ရာ၊ မင်္ဂလာသဘင်၊ အောင်မျှို့ယင်၍၊ အလင်္ကာမှု၊ ရတုမင်းထိုက်၊ မင်းလိုက်စကား၊ မင်းနားသင့်စေ၊ သုံးမည်ထွေဖြင့်၊ 'သပြေမင်္ဂလာ'၊ စစ္စာချီးပြုသောင်းလုံးရှုသည်၊ ဆင်ဖြူရှင်မယ်၊ ညာနွယ်နန်းခေါင်၊ ချောင်းစောင်နှင့်၊ ယဉ်ဘောင်သိတာ၊ မိထိလာဟု၊ နန္ဒာနှိုင်းတု၊ ကန်တော်ပြုတွင်၊ 'ရွှေလော့စဉ်ရှည်'၊ ပိုဒ်ဦးတည်လျက်၊ ဉာဏ်ရည်ဖြန်းလှစ်၊ နှုတ်လျှာသစ်၍၊ ကျွန်ဖြစ် ကြည်ညို၊ လျှောက်ခဲ့ဆိုသည်၊ မြင်းမိုရ်မက၊ မိုးမျှမျှတည့်၊ ထိုပဆင့်ကာ၊ ယခုမှာမူ၊ စကြာစင်စစ်၊ ရောက်သည့်နှစ်တွင်၊ ရှင်ချစ်သိရိ၊ စောမုနိ


mgyoe.com

mgyoe.com
SAMPLE BOOK


ကို၊ ကပိလကမ္ဗလာ၊ မြန်မာချိုင်ငါ၊ သမိုင်းတော်နှင့်၊ စံမော်ကွန်းဆင့်၊ လျှောက်ဦးတင့်သော်၊ ရာဇဝင့်ထုံး၊ ရွှေနန်းသုံးဖြင့်၊ နိဂုံးထားတည်၊ မည်ရည်ချိုသာ၊ မပါလေရ၊ ရွှေခွန်းဟ၍၊ ဗလနန်သူ၊ ဇမ္ဗူလျော်ရည်၊ သူကြီးမည်မှ၊ ထူးသည် ပျံ့မွှေး၊ လွှဲ၍ပေးသား၊ နဝဒေးမည်ခေါ်၊ ကြားလွှံ့ကျော်သည်။ ။ ဘွဲ့တော် ရွှေစာ စုနှင်းတည်း။"

ဟူ၍ ပါရှိသည်ကို ထောက်သော်၊ စန္ဒမုနိမော်ကွန်းကို ရေးသားမှ နဝဒေးဘွဲ့ ပန်းကို ဆင်မြန်းရသည်ဟု ယူရန်ရှိ၏။ ဤအပိုဒ်တွင် နဝဒေးဘွဲ့ မရရှိမီကပင် "သပြေမင်္ဂလာ" ချီ ဆင်ဖြူရှင်မယ် ချေင်း, "ရှုလော့စဉ်ရှည်" ချီ– မိထိလာကန်တော် မော်ကွန်းနှင့် မင်းထိုက်စိုးရ စံထားလောက်သော ရတုများ ရေးသားခဲ့ကြောင်း၊ သူကြီးဘွဲ့ ဗလနန်သူ (ဗလနန္ဒသူ) ဖြစ်ကြောင်း၊ သံတော်ဆင့် ဖြစ်ကြောင်းများကို သိသာရ၏။

ဘိုးတော်ဘုရားသည် မင်းကွန်း စံနန်းတော်တွင် စံကြို့က် တွင်းသင်းမင်းကြီး မဟာစည်သူဘွဲ့ခံ ပညာရှိ ဦးထွန်းညို ကွယ်လွန် အနိစ္စရောက်ရာ၊ ဝက်မစွတ်မြို့စား နဝဒေးအား တွင်းသင်းတိုက်ကို စားစေ၍ တော်နေရာ ပေးပြီးလျှင် မဟာသခ်ယာစည်သူ, မဟာသီရိစည်သူဘွဲ့ နှစ်ထပ် ချီးမြှင့်လေ၏။

ဘကြီးတော်ဘုရား လက်ထက် "တက်ထွန်းဖြိုးကြွယ်" ချီ– ဘုန်းတော်ဘွဲ့ မင်္ဂလာရတုကို ရေးသားဆက်သွင်းရာ ရွာဝေးရွာ[၁] ကို အသနားတော်မြတ် ခံရလေ၏။ ၎င်းပြင် မင်းကြီးဥတ္တမသီရိဘွဲ့[၂] ကိုလည်း ခံယူရလေ၏။ ထို့နောင် အိမ်မင်းမစွမ်း ရှိလာသောအခါ ပတ္တမြား တောင်ဝှေးကို

၁။ အချို့ အမှတ်အသားတွင်– ဆားတောင်မ ငါးရွာကို အပိုင်စား သနားတော်မြတ်ခံကြောင်း တွေ့ရှိရပေသည်။

၂။ မင်းကြီး မဟာသီရိဥတ္တမဇေယျသင်္ကြံ ဟု ပိဋကတ်သမိုင်း စာတမ်းတွင် ဆို၏။


mgyoe.com

mgyoe.com
SAMPLE BOOK


အသနားတော်မြတ်ခံရ၍ မြေနန်းတော်တံခါးနီ အရောက် ပေါင်းယာဉ်စီး၍ ဝင်ခွင့်ရရှိလေသည်။

ရွှေဘိုမင်းလက်ထက် အသက် ၈၅ နှစ်၊ သက္ကရာဇ် ၁၂၀၂ ခု ပြာသို လဆန်း ၂ ရက်နေ့[၁] တွင် ဘုရားရဟန္တာတို့သော်မှ မရှောင်ကွင်းနိုင်သော မရဏနိုင်ငံသို့ ပါရလေသတည်း။

၎င်းရေးသားသော စာများမှာ–

(က) မော်ကွန်းများ

| | | |
|---|---|---|
| ၁။ | မိထိလာကန်တော် | ၁၁၅၈ ခု ဘီ |
| | မော်ကွန်း | "ရွှလော့စဉ်ရှည်" ချီ။ |
| ၂။ | စန္ဒမုနိဘွဲ့ | ၁၁၆၈ ခု |
| | မော်ကွန်း | "ခြီးလော့အံ့မှူး" ချီ။ |
| ၃။ | ရခိုင်နိုင် | ၁၁၈၃ ခု (?) |
| | မော်ကွန်း | "ပွင့်လော့ပြည်ဦး" ချီ။ |
| ၄။ | အာသံနိုင် | ၁၁၈၄ ခု (?) |
| | မော်ကွန်း | "ပွင့်လော့လွှံ့နှိုင်း" ချီ။ |
| ၅။ | တရုတ်သံရောက် | ၁၁၈၅ ခု (?) |
| | မော်ကွန်း | "မင်္ဂလာဓေယျံ" ချီ။ |
| ၆။ | ဘကြီးတော် | ၁၁၈၅ ခု ဘီ |
| | ဘုရား နန်းဘွင့် | "ခြီးလော့ပွင့်လှိုင်း" ချီ။ |
| | မော်ကွန်း | |
| ၇။ | ဝိလာသိနီ | ၁၁၈၆ ခု (?) ဇီ |
| | မော်ကွန်း | "ဓမ္မဝိဇယ" ချီ။ |

---

၁။ ဆရာကြီး ဦးဖွား မှတ်သားချက်အရ ၁၂၀၂ ခု ပြာသိုလဆန်း၊ ၁၅ ရက် ဖြစ်၏။


mgyoe.com

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| ၈။ | လောကဝိဒူ မော်ကွန်း | ၁၁၉၄ ခု "ဗုဒ္ဓဓမ္မ" ချီ။ |
| ၉။ | ဗာဝရီမော်ကွန်း | ၁၁ – ၂ "မဟာဝိဇယ" ချီ။ |
| ၁၀။ | သာမုဒြိက မော်ကွန်း | "အတုလ ဝိဇယ" ချီ။ |
| ၁၁။ | မင်းကွန်းနန်းတော်ဘွဲ့မော်ကွန်း | |
| ၁၂။ | အမရပူရမြို့ဘွဲ့ မော်ကွန်း | |
| ၁၃။ | ဣသျှံဝမော်ကွန်း | "မင်္ဂလာမာန်နှင်" ချီ။ |
| ၁၄။ | ထားဝယ်နိုင်မော်ကွန်း | |
| ၁၅။ | ရဲတင်းမော်ကွန်း | ၁၂၀၁ ခု "ခြိုးလော့လွှံ့ညောင်း" ချီ။ |
| ၁၆။ | မုနိသျှစ်ဆူ မော်ကွန်း | "မုနိသျှစ်ဆူ" ချီ။ |

## (ခ) ရတုများ

| | | |
|---|---|---|
| ၁။ | "တက်ဖြိုးလျှံဝေ" ချီ ရတု။ | ပုခန်းမင်းသားနှင့် ရွှေဂူမင်းသမီး လက်ထပ် မင်္ဂလာရတု၊ ၁၁၅၈ ခု။ |
| ၂။ | "လင်းပြည့်လက်ယာ" ချီ ရတု | မကွေ့ရာမင်းသား လက်ထပ်မင်္ဂလာရတု။ |
| ၃။ | "တက်ဖြိုးလျှံဖြာ" ချီ ရတု။ | မြင်းစိုင်းမင်းသား။ ။ |
| ၄။ | "စကြာနိုးဆွေ" ချီ ရတု။ | မြဝတီမင်းသား။ ။ |


mgyoe.com

mgyoe.com  SAMPLE BOOK

| | | |
|---|---|---|
| ၅။ | "လျှံထွန်းဖြိုးစည်" ချီ ရတု။ | သရက်မင်းသား။ ။ နောင်-ကုန်းဘောင်မင်း။ |
| ၆။ | "တိုးပွားတက်ဝှန်" ချီ ရတု။ | မင်းတုံးမင်းသား။ ။ |
| ၇။ | "လင်းစည့်လျှံဝေ" ချီ ရတု။ | လှိုင်မင်းသား။ ။ |
| ၈။ | "ပြောင်ရွှန်းတေဇာ" ချီ ရတု။ | ဘကြီးတော်ဘုရားနှင့် ပန်းတောင်းမင်းသမီး။ |
| ၉။ | "စက်လျှံဖြိုးစည်" ချီ ရတု။ | ညောင်ရမ်းမြို့စား နားထွင်း သျှောင်ထုံးရတု။ |
| ၁၀။ | "ပွင့်ဝန်းကမ္ဘာ" ချီ ရတု။ | မင်္ဂလာစံကျောင်း လောင်မီးကျရာဘွဲ့။ |
| ၁၁။ | "တကုဋ္ဌေတည်" ချီ ရတု။ | ရွှေဆပ်သွားဘုရား ထီးတော် တင်လှူရာ အခမ်းအနား။ |
| ၁၂။ | "တက်ထွန်းတေဇာ" ချီ ရတု။ | အမရပူရမြို့ ငလျင်လှုပ် ကြောင်း ဘွဲ့။ |
| ၁၃။ | ကြက်တောင်ကန်ဘွဲ့ရတု။ | |
| ၁၄။ | "လင်းစည့်လျှံ ခြည်" ချီ ရတု။ | ဆင်ဖြူရှင်ဘုရား ထီးတင်ရာဘွဲ့၊ ၁၁၇၃ ခု၊ တန်ခူးလပြည့်ကျော် ၄ ရက်။ |
| ၁၅။ | "တောင်ဝန်းဖြန့်လည်" ချီ ရတု။ | ဘိုးတော်ဘုရား ဘုန်းတော်ဘွဲ့ရတု။ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၆။ | "နေနတ်နွယ်လာ" ချီ ရတု။ | ဘိုးတော်ဘုရား လက်ထက် တောကစားရာ အပြန်ဘွဲ့။ |
| ၁၇။ | "ထက်မိုး ဘုံခွင်" ချီ ရတု။ | ရှစ်ရပ်ကိုးခန်း ပလ္လင်တော်ဘွဲ့ ရတု။ |
| ၁၈။ | "သိန်ကန်ကုန်ပြီ" ချီ ရတု။ | ရခိုင် အိမ်ရှေ့မိဖုရား စောပြည့်ညို ရတုအလိုက်ဘွဲ့။ |
| ၁၉။ | "ဖေယျာဝရဇိန်" ချီ ကေပိုဒ်ရတု။ | အိမ်ရှေ့ဘုရား စားတော်လုပ်နည်း ရတု။ |
| ၂၀။ | "မြန့်တိုင်းစက်ရှည်" ချီ ရတု။ | ရတနာပူရ မြို့တည်ရာ အခမ်းအနား။ |
| ၂၁။ | "ထွန်းတက်ဖြိုးဝေ" ချီ ရတု။ | ရတနာပူရ မြို့နန်းသိမ်း မင်္ဂလာဘွဲ့။ |
| ၂၂။ | "တူကျွန်းစိုးသည်" ချီ ရတု။ | ရတနာပူရမြို့ ဖုသျှ သင်္ကြန်တော်ခေါ် အခမ်းအနား။ |
| ၂၃။ | "တက်ထွန်းဖြိုးကြွယ်" ချီ ရတု။ | ဘကြီးတော်ဘုရား ဘုန်းတော်ဘွဲ့။ |

၎င်းအပြင် ရတုအများ ရှိသေး၏။ မင်္ဂလာရတု စုံရေ ၅၀ ကျော်ဟု တွေ့ရှိရပေ၏။

(ဂ) ယင်းကဲ့သို့ မော်ကွန်းများ, ရတုများအပြင် ၁၁၈၃ ခု၊ မဟာဇောဓိပင် ကျောက်စာ၊ မဟာဝိဇယရံသီ စည်းခုံတော်ကြီး ကျောက်စာ အစရှိသော ကျောက်စာများ, ဝါကျွတ်အလှူ (၁၁၈၆) ခု ဆုတောင်းစာ အစ


mgyoe.com